# သခင့်စကား
# The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေးရာစာစောင်


ငါဆုံးမသော စကားကို နားထောင်၍ ပြောင်းလဲကြလော့။ ငါ့ဝိညာဉ်ကို သင်တို့အပေါ်သို့ ငါသွန်းလောင်း၍ ငါ့စကား၏ အနက်အဓိပ္ပါယ်ကို နားလည်စေမည်။ သုတ္တံ ၁း၂၃


အမှတ်စဉ် (၁၉၇) ဇန်နဝါရီလ ၂၀၁၈ ခုနှစ် ထုတ်ဝေ (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည်) ၂၀၀၁ ခုနှစ်ကစ၍ တည်ထောင်သည်။ Est; September 2001


## နှစ်သစ်ကူးပွဲတော်

**နှစ်သစ်ကူးပွဲတော်** *မင်းအောင်သက်လွင်*

နှစ် - နှစ်နှစ်ကာကာ ချစ်ရာသူမို့ ၊
သစ် - သစ်သောသက်တာ ပြောင်းလာဖို့ကို
ကူး - ကူးလူးလွန်မြောက် ဖြစ်နိုင်ပေါက်မှ
ပွဲ - ပွဲသိမ်းတိုက်ကွက် ကားတိုင်ထက်၌
တော် - တော်လှော်မစ ကျေးဇူးပြီ ။
" နှစ်ကူးပြောင်းတဲ့ ချိန်ခါသည် ..
အပြစ်သား ပြောင်းလဲချိန်တန်ပြီ " ။ ။ မင်းအောင်သက်လွင်

---

## စစ်




`စစ်´ သိုးသူငယ် *(ဒါးက)*

ဘဝပေါင်း များစွာရဲ့ ၊ စာမျက်နှာ ပေါ်က
အသက်ပေါင်း မြောက်များစွာနဲ့ ၊ စတေး ရတဲ့ -
တစ်လုံး တည်းသော စာ `စစ်´
တစ်လုံးတည်း ရေးရတာ -
ဒါပေမဲ့ - "သွေး" နဲ့ ။ ။ သိုးသူငယ် (ဒါးက)

---

## ခေတ်သစ်ပေတရု

**ခေတ်သစ်ပေတရု** *လိန်း - ဇလပ်မြေ*



ဟုတ်တယ် ။ သူက ပေတရုဘဲ ။
ငါးမျှားတဲ့ ပေတရု တော့ မဟုတ် ၊
ငွေမျှားတဲ့ ပေတရု ။
ဟုတ်တယ် ။ သူက ပေတရုဘဲ ။
ပျောက်ဆုံးဝိညာဉ် မျှားတဲ့ ပေတရု တော့ မဟုတ် ၊
ဂုဏ်ကို မျှားတဲ့ ပေတရု ။
ဟုတ်တယ် ။ သူက ပေတရုဘဲ ။
ခရစ်တော် နောက်လိုက်တဲ့ ပေတရု တော့ မဟုတ် ၊
ငွေ ၊ ဂုဏ် နောက်လိုက်တဲ့ " ခေတ်သစ် ပေတရု " ။
သင်ရော - ဘယ်လို ပေတရု လဲ ။ ။ *လိန်း - ဇလပ်မြေ*

---

## Quiet Time အားမေ့လျော့ခြင်း

**"Quiet Time အား မေ့လျော့ခြင်း"** *မိုင်လေး(နည်းပညာ)*

စားနေ သောက်နေ ၊
အလုပ် ကြိုးစားနေ
နေ့စဉ်အလုပ် ၊ နေ့စဉ် လုပ်နေ
အကျွန်ုပ် ဘုရား သားဟု ခေါ်နေ
တနင်္ဂနွေ စနေ ဝတ်ပြုနေ
ဆုတောင်းပတ္တနာ ပြုနေ
အကျွန်ုပ်ဘုရား သားဟု ခေါ်နေ
လူ စည်ကားရာ လွင်ပြင်မှာနေ
တောင်ပေါ်သို့ မတက်နေ
အကျွန်ုပ်ဘုရား သားဟု ခေါ်နေ ။ ။ မိုင်လေး(နည်းပညာ)



---

## ခရစ်စမတ်ဆိုတာ -

**ခရစ္စမတ်ဆိုတာ** *ကားတိုင်ထမ်းဘက်*

ညစ်ပတ်နေတဲ့ အပြစ်တွေကို
အမြတ်ဖြတ် ဖြေရှင်းဖို့
ခရစ်စမတ်ဆိုတာ ဖြစ်လာတာ ။ ။ *ကားတိုင်ထမ်းဘက်*




---

## နှစ်သစ်အတွေး

**"နှစ်သစ် အတွေး"** *Saw Z Net Eagle*




ခရစ်တော်၌ ...
အသစ် ဖြစ် မဖြစ်တော့ မသိဘူး ၊
ခရစ်သက္ကရာဇ် ကတော့ ...
အသစ် ဖြစ်သွားပြီ ။ ။ Saw Z Net Eagle

---

## သူသာလျှင်..

**သူသာလျှင်** *မာရဇ္ဇာဖိုးသော်*

ငါ - လေနင်ရာ လွင့်ရင်း ၊
ရောက်တတ်ရာ အမှိုက် မဖြစ်အောင် ၊
စက္ကူတစ်စ ဖြစ်ရင်တောင် ကောက်ယူကာ မှတ်သားခွင့်
သူသာလျှင် အသုံးပြုတယ် ။
ငါ - ရေတင်ရာ ကမ်းကပ်
ရောက်လေရာ ကမ်းစပ် ဖေဒါ တစ်ပင် ဖြစ်ရင်တောင် ၊
ဘဲ နဲ့ ဗျိုင်း နှုတ်သီး သွေးဖို့ ထိုးလို့ ဆိတ်ခွင့် ရဖို့ရာ
သူသာလျှင် အသုံးပြုတယ်။
ငါ - ရောက်လေရာမှာ
ပူရင် ပူ ၊ အေးရင်အေး ။ နွေးတေးတေး အတွေးမဲ့ ဘဝ
မရှုမလှ ဇာတ်မသိမ်းဖို့တော့
နှလုံးသားက သတိပေး၏။
ဘဝလေး မမှေးဖို့ -
သူ သာလျှင် သတိပေးတယ်။ ။ မာရဇ္ဇာဖိုးသော် [Naw Zar Zar Soe Htoo]



---

## စွမ်းရည်ကိုယ်စီရှိကြသည်

**"စွမ်းရည် ကိုယ်စီရှိကြသည်"** *မေသူ - ဇေယနေဇာအသင်းတော်*

မောရှေ လူမျိုးတော် ယူထုတ်ဆောင်
လှံတံ တစ်ချောင်း သူ ကိုင်ဆောင်။
ဒါဝိဒ်လေး အမြဲ ကိုင်ဆွဲ
ကျောက်ခဲလုံးနဲ့ သူ့ လောက်လွှဲ။
ဒံယေလမှာ သေတွင်း အောက်
ဆုတောင်းဝတ်ပြု စဉ်လုပ်ဆောင်။
ရှန်ဆုန် ဇလ ခွန်အားပြ
ဆံကေသာမှာ စွမ်းအားရ။
မုန့်ငါးလုံးနှ ငါးနှစ်ကောင်
ယေရှု ကျွေးမွေး လူ ငါးထောင်။
အခွန်ခံ ဇက္ခဲ ၊ သူပြောင်းလဲ
ယေရှု သူ့အိမ် ဝင်ရောက်တည်း။
ယေရှုရှင် သားသမီးတွေ
စွမ်းရည်ကိုယ်စီ ရှိကြပေ။
ကိုယ်တော့် အတွက် ပြန်ပေးဆပ်
ကောင်းကြီးများစွာ ခံစားလျှက် . . . ။ ။ မေသူ - ဇေယနေဇာအသင်းတော်






---

## လက်ရာတော်

**လက်ရာတော်** *ခန့်သစ်ရင်*

သခင် - ကျွေးတဲ့ မုန့် ။
သခင် - တိုက်တဲ့ စပျစ်ရည်။
သခင့် စေညွှန်ရာတွေ ...





ပျော်ရွှင်ဖွယ်ရာကောင်းသောနှစ်သစ်ဖြစ်ပါစေ

ခါးသက်စွာ ခံစားရပြီလား။
မစိုးရိမ်ပါနဲ့ မိတ်ဆွေ။
နက်ဖြန် နံနက်က
သင့်အတွက် အသက် ...
ခံစားချက်တွေ ပုံကျလာလိမ့်မယ်။
သခင့် လက်ရာတွေ ကြောင့်ပေါ့။ ။ ခန့်သစ်ရင်



---

## ကျေးဇူးတော်မှတပါး–

ကျေးဇူးတော်မှ တစ်ပါး ဆယ်မြှုရယ်စိုးလွင်
ကြည့် ...
သူသာ မဆင်းကြွ ခဲ့ရင်-
ခရစ္စမတ်လည်း မရှိ ၊
ဘဝလည်း နတ္ထိ အတိပေါ့ ။
ခုကြည့် . . .
သူ ဆင်းကြွခဲ့လို့ -
ခရစ္စမတ် လည်းရှိ ၊
ဘဝလည်း သုခ အတိ ပေါ့ ။ ။ ဆယ်မြှုရယ်စိုးလွင်



---

## အစမေတ္တာပြ

အစ မေတ္တာပြ စိုက်သူ
ကာယအလိုမြား တောင့်တအား
တအားပစ်ခွင်းသည်။
စိတ်အလိုမြား သန့်အား
တအားပစ်ခွင်းသည်။
အတွေးအခေါ်မြား အာရုံအား
တအားပစ်ခွင်းသည်။
ကာယစိတ်အလို မြားဆိပ်ကို
ရှောင်ရှားကြဖို့လို့။
အတွေးအခေါ်မြား မရှောင်ရှား
သင့်အားထိမှန်မည်။
ဩဝါဒလေ မြားဆိပ်မွေ
မှုဝေမိန်းမောမည်။
နစ်တို့လွန်ညစ် အသစ်ဖြစ်လာ
ဤရှိန်ခါဝယ် လောကရဲ့မြား မထိပါးဖို့
ဒိုင်းလွှားသခင် ကယ်တင်ရှင်နှင့်
ဝိညာဉ်တော်မြား စွဲကိုင်ထား၍
အလင်းအားယူ စပ်ဆိုင်သူကို
တွယ်ကူဖေးမ မေတ္တာပြ
အသစ်ဖြစ်ခြင်းအစ
တိုးသစ်ခွန်အား တောင်းခံကြ။ ။ စိုက်သူ






---

## လူပျိုမှ အပျိုများအား သိစေလိုသောအရာ



**လူပျိုမှ အပျိုများအား သိစေလိုသောအရာ** ဆယ်မြှုရယ်စိုးလွင်

ယနေ့ လူငယ်များ အကြားတွင် ဟုတ်နိုးနိုး၊ တွေလိမ့်နိုး ဖြင့်၊ ခရီး ရှည် ခြေဆန့်ကာ ကြင်ယာဖက်ကို ရှာကြသော်လည်း၊ ကိုယ်တိုင်မည်သို့ ပြင်ဆင် သင့်သည်ကို အများစုမှာ သတိမမူ မိကြ။

ရုပ်သံနှင့် သတင်းများတွင် အမျိုးသားများ တကယ်သိ စေလိုသော အရာ များကို အလွဲလွဲအချော်ချော်ဖြင့် ပြောဆိုတင်ပြ တတ်ကြသဖြင့်၊ အမျိုးသားများ အနေဖြင့် အမျိုးသမီးငယ်များကို အမှန်သိစေလိုသည့်အရာများကို မြင်တွေ့လာရချိန်တွင် အမှန် အံ့ဩမှင်သက်မိတတ်ကြသည်။ ကျွန်တော့် နာမည်က ဝင်းမောင် လို့ခေါ်ပါတယ်၊ ကျွန် တော့်အနေ ဖြင့် ယုံကြည်သူလူငယ်များကိုယ်စား စကားပြောဖို့ ပြင်ဆင်နေခဲ့သူပါ။ ရိုးသားစွာ ပြောရလျှင် အားလုံးအတွက်တော့ တိကျသေချာစေမည့် "တရားသေနည်း"ကို မပြောနိုင်သော် လည်း ကျွန်ုပ်တို့လူငယ်များအနေဖြင့် အမျိုးသမီး များကို မည်သို့ ဖြစ်လို၊ မြင်လိုကြောင်းကိုတော့ ခြုံငုံပြီးပြောပြနိုင်ပါတယ်။ အမျိုး သမီးများကို ကျွန်တော်တို့ သိစေလိုသော အကြောင်း အရင်းလေးမျိုး ရှိပါတယ်။

၁။ စစ်မှန်သော ယုံကြည်သူအမျိုးသမီး။

ကျွန်တော်တို့ အများစုမှာ ဘုရား ဘုန်းတော်အတွက် သိပ်ပြီးအလေးအနက် (တရားသေ မဟုတ်သော်လည်း) ထားကြ ပါသည်။ ကျွန်တော်တို့ အနေဖြင့် ဘုရားတရားနှင့် အညီ အသက်ရှင် နေထိုင် လိုပြီး အဲဒီအတိုင်းလည်း ကြိုးစားလုပ်ဆောင်ကြ ပါသည်။ ဒါကြောင့် အိမ်ထောင်ရေးမှာ ကျွန်တော်တို့ မျှော်လင့် ရှာဖွေနေတဲ့ အမျိုးသမီးမှာလည်း ဘုရားတရားတွင် အသက်ရှင် သန်ရာတွင် အထောက်အမ ဖြစ်စေမည့် သူကိုသာ ရှာဖွေမြော်လင့် မိပါသည်။ အထူးသဖြင့် လောကီဆန်သော အဝတ်အစား၊ အပြင်အဆင်နှင့် လောကီ ပုံဆောင်သော အမျိုးသမီးများကို ကျွန်တော်တို့ အိမ်ထောင်ဖက် အဖြစ် မရွေးချယ်လိုပါဘူး။ ဘုရားသခင်မှ လောကီပုံသဏ္ဌာန်ကဲ့သို့သူ့ သားသမီးများကို မမြင်လိုသလို၊ ကျွန်တော်တို့ အမျိုးသားများ ကလည်း အမျိုးသမီး များကို မမြင်လိုပါဘူး။ ဒါကြောင့် သင့် အနေဖြင့် အခြားသူများနည်းတူ အသက်ရှင်သန်၊ သွားလာနေထိုင်သူဖြစ်က၊ ကျွန်ုပ်တို့ အနေဖြင့် ဘဝ လက်တွဲဖော်ကို အခြားသောနေရာတွင် သွားရောက် ရှာဖွေ ရန်မှတစ်ပါး အခြားသော လမ်းစဉ်လည်း မရှိပါဘူး။ ခရစ်တော်ကို ဦးထိပ်ထားပြီး အသက် ရှင်သန်နေသည့် အမျိုးသမီးတစ်ဦးမှာ မည်သည့် အဆင် တန်ဆာမှ မပါ သော်လည်း အလင်းလက်ဆုံးသော တောက်ပမှုနှင့် လှသွေး ကြွယ်နေသော ဘဝ လက်တွဲဖော်သာ ဖြစ်သည်။ ကျွန်တော်တို့လည်း အသက်အရွယ် ရလာသည်နှင့် အသက်အရွယ်၊ ထင်ပေါ်ကျော်ကြားမှု၊ အလှအပ၊ အပြင် အဆင် တို့သည် ဆင့်ကဲဖြစ်စဉ် ကဲ့သို့ လွင့်မျှယ် သွားကြသည့်တိုင် ခရစ်တော်အပေါ် ထားသော စိတ်နေစိတ်ထားက ထာဝရတိုင် တည်ရှိနေမည့် တစ်ခုတည်းသော အာမခံမှု တစ်ခုပါပဲ။ ကျွန်တော်တို့ ဘဝ လက်တွဲဖော် အဖြစ် မြင်တွေ့ လိုသော အမျိုးသမီးမှာ ထိုသို့ သော အာမခံမှုကို ကိုင်စွဲထားသူသာ ဖြစ်လို၊ မြင်လို၊ စုံဖက်လို ပါတယ်။ "စကား ပြောသော်၄င်း၊ အမူ ဆောင်ရွက်သော်၄င်း၊ သခင်ယေရှု၏ နာမတော်ကို ထောက်၍ ခပ်သိမ်းသော အမှုတို့ကို ပြုမူလျှက် ကျေးဇူးတော် ကြီးလှပါ၏ဟု ထိုသခင်ကို အမှီပြု၍ ခမည်းတော် ဘုရားသခင်ရှေ့၌ ဝန်ခံကြလော့" ( ကော၊ ၃း၁၇)။

၂။ ဘဝပုံရိပ်စစ် ဖြစ်သော ခရစ်ယာန် အသက်တာ၊

အပြင်ပန်း သဏ္ဌာန် အလှအပထက် ကျွန်တော်တို့ စိတ်နှလုံးကို လှုပ်ရှားစေတာက အမျိုးသမီးကောင်း တို့ရဲ့ အတွင်းစိတ် နှလုံး အလှပဲ ဖြစ်ပါတယ်။ ဝိညာဉ် အသီးအပွင့်များနှင့် ဝေဆာ လျှက်ရှိပြီး ဘုရားအတွက် အစေခံ လုပ်ဆောင်နေသော အချိန်မှာ သင်သည် ကျွန်ုပ်တို့အမြင်၊ ကျွန်ုပ်တို့ နှလုံးသားတွင် အထွန်းတောက် ဆုံးသော လှပနေသည့် အချိန်များပင် ဖြစ်သည်။ တစ်ခါ တစ်ရံမှာ လူဖြစ်တဲ့အတွက် ရုပ်ရှင် ဇာတ်လမ်းတွေထဲကလို လှပကျော့ရှင်းသော ခန္ဓာ အချိုးအစားနှင့် အဝတ်အစား လှလှပပ ဖြင့် ဆင်ယင် ထားသူများကို မြင်တဲ့အခါ တကယ် လှတာပဲလို့ ခံစား တွေးထင်မိချိန် ရှိပါတယ်။ ဒါပေမယ့် ဒီလိုအပြင်ပန်း အလှ က ကျွန်တော်တို့ အတွက် တစ်ဘဝလုံးအတွက်လို အပ်နေတဲ့ အလှစစ်တော့ မဟုတ်ဘူးလေ။

သုတ္တံ ဆရာ ကတော့ "သီလနှင့် ပြည့်စုံသော အမျိုးသမီးကို အဘယ်သူ တွေ့ရသနည်း။ ထိုသို့သော မိန်းမသည် ပတ္တမြားထက် အဖိုး သာ၍ ထိုက်ပေ၏" (သု၊ ၃၁း၁၀)ဟု ဆိုထားပါသည်။

၃။ ဣန္ဒြေရှိသော ဝတ်စားဆင်ယင်မှု၊

မလုံ့တလုံနှင့် ဖော်ချွတ် အဝတ်အစားများကို ဝတ်ဆင်ခြင်းဖြင့် ဘုရား တရားနှင့် နေထိုင် အသက်ရှင်မည့် ခင်ပွန်းကောင်း ရမည်လို့ လုံးဝ မြော်လင့်ချက်မှားကို မထားမိပါစေနဲ့။ ဣန္ဒြေနှင့် တင့်တယ်စွာ ဝတ်စား

